## TMH Telecom Public Company Limited ၏ ၂၀၂၅ ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၅-၂၆) ခုနှစ် ဘဏ္ဍာနှစ်ဝက်အပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်ကို ထုတ်ပြန်ကြေငြာခြင်း

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် TMH Telecom Public Company Limited ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်အတွက် ကုမ္ပဏီ၏ နှစ်ဝက် ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို အခြေခံထားသော သုံးသပ်ထုတ်ပြန်ချက် ဖြစ်သဖြင့် ထိုဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ ယှဉ်တွဲ၍ ဖတ်ရှုနိုင်ပါသည်။

ငွေကြေးဖော်ပြချက်အားလုံးကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

အနှစ်ချုပ်တင်ပြချက်များ

ကုမ္ပဏီ၏ ဝင်ငွေရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)

| | ဧပြီလ ၂၀၂၅ မှ စက်တင်ဘာလ ၂၀၂၅ | ဧပြီလ ၂၀၂၄ မှ စက်တင်ဘာလ ၂၀၂၄ | ပြောင်းလဲမှု % |
|---|---|---|---|
| ဝင်ငွေ | ၁,၈၆၃,၈၆၄ | ၁,၉၂၃,၄၁၅ | (၃%) |
| ရောင်းကုန်တန်ဖိုး | (၁,၄၉၃,၁၆၇) | (၁,၇၈၅,၉၄၉) | (၁၆%) |
| အကြမ်းအမြတ် | ၃၇၀,၆၉၇ | ၁၃၇,၄၆၆ | ၁၇၀% |
| အခြားရငွေ | ၁၈၇,၆၆၅ | ၂၇၉,၆၈၈ | (၃၃%) |
| အသုံးစရိတ်များ | (၁,၀၈၁,၃၂၅) | (၁,၀၅၈,၇၆၄) | ၂% |
| အခွန်မလျှာမီ အသားတင် (အရှုံး)/အမြတ် | (၅၂၂,၉၆၄) | (၆၄၁,၆၁၁) | (၁၈%) |
| ဝင်ငွေခွန် | - | - | - |
| အခွန်လျှာပြီး အသားတင် (အရှုံး)/အမြတ် | (၅၂၂,၉၆၄) | (၆၄၁,၆၁၁) | (၁၈%) |
| အခြားဝင်ငွေအလုံးစုံ | | | |
| ရင်းနှီးမြှုပ်နှံမှုအတွက် ကာလပေါက်ဈေး ညှိနှိုင်းခြင်း | ၆,၉၃၀ | (၁,၁၅၅) | ၇၀၀% |
| စုစုပေါင်းဝင်ငွေအလုံးစုံပါဝသော (အရှုံး)/အမြတ် | (၅၁၆,၀၃၄) | (၆၄၂,၇၆၆) | (၂၀%) |
| ရှယ်ယာတစ်စုဝင်ငွေ (ကျပ်) | - | - | - |

၂၀၂၅ ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာနှစ်ဝက်တွင် ကုမ္ပဏီ၏စုစုပေါင်းဝင်ငွေသည် ကျပ်ငွေ ၁.၈၆ ဘီလီယံ ရရှိခဲ့ပြီး၊ ၂၀၂၄ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့တွင် ကုန်ဆုံးသည့် ယခင်ဘဏ္ဍာနှစ်ဝက်၏ ဝင်ငွေထက် ၃ရာခိုင်နှုန်းသာ ကျဆင်းခဲ့ပါသည်။ ထိုသို့လုပ်ငန်း၏ စုစုပေါင်းဝင်ငွေ ကျဆင်းရသည့် အကြောင်းအရင်းမှာ ဆက်သွယ်ရေးဆိုင်ရာ ပြုပြင်ထိန်းသိမ်း ရေးလုပ်ငန်းမှ ရရှိသောဝင်ငွေသည် ယခင်ဘဏ္ဍာနှစ်ဝက်ထက် (၁၆)ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့သော်လည်း ငွေဖြည့်ကဒ် ထုတ်လုပ်ရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်းမှ ရရှိသောဝင်ငွေနှင့် အခြားစီမံကိန်းလုပ်ငန်းများမှ ရရှိသောဝင်ငွေ သည် ယခင်ဘဏ္ဍာနှစ်ဝက်နှင့် နှိုင်းယှဉ်ပါက ၂၃ ရာခိုင်နှုန်းနှင့် ၃၉ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့သော ကြောင့်ဖြစ်ပါသည်။

ကုန်ကျစရိတ်များကို ပိုမိုထိန်းချုပ်နိုင်ခြင်းနှင့် ထိရောက်သော စီမံခန့်ခွဲမှုတို့ကြောင့်ယခုနှစ်(၂၀၂၅-၂၆) ဘဏ္ဍာနှစ်ဝက်၏ ဝင်ငွေကျဆင်းမှုသည် ၃ ရာခိုင်နှုန်းရှိသော်လည်း ဝင်ငွေနှင့် တိုက်ရိုက်အချိုးကျသည့် ရောင်းကုန်တန်ဖိုးသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ၁၆%အထိ ကျဆင်းခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီ၏ အကြမ်းအမြတ်သည် ယခင်ဘဏ္ဍာနှစ်ဝက်တွင် ကျပ်ငွေ ၀.၁၄ ဘီလီယံရရှိခဲ့ရာမှ ယခု ဘဏ္ဍာနှစ်ဝက်တွင် ကျပ်ငွေ ၀.၃၇ဘီလီယံ ရရှိခဲ့သဖြင့် ယခင်ဘဏ္ဍာနှစ်ဝက်ထက် ပိုမိုတိုးတက်လာခဲ့ပါသည်။

မိုဘိုင်းစီမံကိန်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရရှိလာသော ကုမ္ပဏီ၏ အခြားဝင်ငွေသည် ယခု ဘဏ္ဍာနှစ်ဝက်တွင် ၀.၁၉ ဘီလီယံရရှိခဲ့ပြီး ပြီးခဲ့သော ဘဏ္ဍာနှစ်ဝက်ထက် ၃၃ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။

အခြားစီမံခန့်ခွဲမှုစရိတ်များဖြစ်သော လုပ်ငန်းလည်ပတ်စရိတ်၊ စီမံရေးရာနှင့် အထွေထွေ ကုန်ကျစရိတ်၊ အရောင်းမြှင့်တင်ရေးဆိုင်ရာ ကုန်ကျစရိတ်များကို စီစစ်သုံးစွဲခဲ့သောကြောင့် ယခင်ဘဏ္ဍာ နှစ်ဝက်ရှိ အသုံးစရိတ်နှင့် နှိုင်းယှဉ်ပါက ၂ ရာခိုင်နှုန်းသာ ပိုမို၍ သုံးစွဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီသည် ယခု ဘဏ္ဍာနှစ်ဝက်တွင် ဖြစ်ပေါ်ခဲ့သော အရှုံးသည် ပြီးခဲ့သော ဘဏ္ဍာနှစ်ဝက်ထက် ၁၈ရာခိုင်နှုန်းအထိ လျော့နည်း ကျဆင်းလာခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကို သတ်မှတ်ရာတွင် ကုမ္ပဏီမှ First Myanmar Investment Co., Ltd (FMI) တွင်ဝယ်ယူထားသော အစုရှယ်ယာများကို မြန်မာနိုင်ငံ စာရင်းကိုင်စံသတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ပြီး ထိုရပိုင်ခွင့်များကို ယခုဘဏ္ဍာနှစ်ဝက် စာရင်းပိတ်ချိန်ရှိ အစုရှယ်ယာဈေးကွက်တွင် ဖော်ပြထားသည့် ဈေးနှုန်းနှင့်အညီ တန်ဖိုးပြန်လည် သတ်မှတ်ထားခြင်းဖြစ်ပါသည်။

Address : No.18/A, Koh Min Koh Chin Road, Bahan Township, Yangon
Phone : +951 552100,552101
Website: www.tmhtelecom.com

## ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)

| | ဧပြီလ ၂၀၂၅ မှ စက်တင်ဘာလ ၂၀၂၅ | ဧပြီလ ၂၀၂၄ မှ စက်တင်ဘာလ ၂၀၂၄ | ပြောင်းလဲမှု % |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ | ၃,၁၁၃,၅၃၈ | ၃,၅၄၆,၄၆၆ | (၁၂%) |
| လက်ငင်းရပိုင်ခွင့်များ | ၉,၈၇၄,၅၆၂ | ၁၁,၆၈၀,၃၇၃ | (၁၅%) |
| **စုစုပေါင်း ရပိုင်ခွင့်များ** | **၁၂,၉၈၈,၀၉၉** | **၁၅,၂၂၆,၈၃၈** | **(၁၅%)** |
| **ရင်းနှီးငွေနှင့်ပေးရန်တာဝန်များ** | | | |
| ရင်းနှီးငွေ | ၁၂,၃၃၃,၄၁၄ | ၁၃,၄၇၉,၀၀၉ | (၈%) |
| လက်ငင်းပေးရန်တာဝန်များ | ၆၅၄,၆၈၆ | ၁,၇၄၇,၈၂၉ | (၆၃%) |
| **စုစုပေါင်းရင်းနှီးငွေနှင့်ပေးရန်တာဝန်များ** | **၁၂,၉၈၈,၀၉၉** | **၁၅,၂၂၆,၈၃၈** | **(၁၅%)** |

ကုန်လက်ကျန်များကို လျော့ချ၍ သိုလှောင်ခြင်း၊ ရရန်ရှိများကို အချိန်မှီကောက်ခံရရှိခြင်း နှင့် ကြိုတင်ပေးငွေများကို ပေးရန်ရှိစာရင်းများနှင့် ခုနှိမ်၍ စာရင်းရေးသွင်းခြင်းတို့ကြောင့် ကုမ္ပဏီ၏ လက်ငင်းရပိုင်ခွင့်များသည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့တွင် ကုန်ဆုံးသော ယခုဘဏ္ဍာနှစ်ဝက်တွင် ငွေကျပ် ၉.၈၇ဘီလီယံရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ဝက်ရှိ ငွေကျပ် ၁၁.၆၈ဘီလီယံနှင့် နှိုင်းယှဉ်ပါက ၁၅ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပါသည်။

လက်ငင်းမဟုတ်သော ရပိုင်ခွင့်များသည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာနှစ်ဝက်တွင် ငွေကျပ် ၃.၁၁ ဘီလီယံရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ဝက်ရှိ ငွေကျပ် ၃.၅၅ ဘီလီယံနှင့် နှိုင်းယှဉ်ပါက ၁၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ထိုကဲ့သို့ကျဆင်းခဲ့ရသည့် အကြောင်းအရင်းမှာ ကုမ္ပဏီ၏ အစုစပ်ကုမ္ပဏီ တစ်ခုဖြစ်သော (Myanmar GT Broadband Company Limited) မှ ရရှိသည့် အမြတ်ငွေလျော့ကျသွားခြင်း၊ ကုမ္ပဏီပိုင်မော်တော်ယာဉ် (၄)စီးကို ဟောင်းနွမ်း၍ ရောင်းချလိုက်ခြင်းနှင့် တန်ဖိုးလျော့စရိတ်များကြောင့်ဖြစ်ပါသည်။ ထို့အပြင် (၂၈.၀၃.၂၀၂၅)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော မန္တလေးငလျင်ဒဏ်ကြောင့် နေပြည်တော်ဂိုထောင်ရှိ ကုမ္ပဏီပိုင်လုပ်ငန်းသုံးပစ္စည်း ဆုံးရှုံးမှုများကြောင့်လည်း ဖြစ်ပါသည်။

စီမံကိန်းများ ပြီးစီးသည့်အချိန်တွင် ဝင်ငွေအဖြစ်သို့ ပြောင်းလဲစာရင်းရေးသွင်းခဲ့ရခြင်းကြောင့် ကုမ္ပဏီ၏ လက်ငင်းပေးရန်တာဝန်များသည် ယခင်(၂၀၂၄-၂၅)ဘဏ္ဍာနှစ်ဝက်တွင် ကျပ်ငွေ ၁.၇၅ ဘီလီယံ ရှိရာမှ ယခု(၂၀၂၅-၂၆) ဘဏ္ဍာနှစ်ဝက်တွင် ကျပ်ငွေ ၀.၆၅ဘီလီယံသို့ လျော့နည်းကျဆင်း သွား ပါသည်။

**Address : No.18/A, Koh Min Koh Chin Road, Bahan Township, Yangon**
**Phone : +951 552100,552101**
**Website: [www.tmhtelecom.com](www.tmhtelecom.com)**

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့တွင် ကုန်ဆုံးသော ယခုဘဏ္ဍာနှစ်ဝက်တွင် လုပ်ငန်းသည် ငွေကျပ် ၀.၅၂ ဘီလီယံ အရှုံးဖြစ်ပေါ်သွားခဲ့ခြင်းကြောင့် ကုမ္ပဏီ၏ မတည်ရင်းနှီးငွေမှာ ၈ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပါသည်။

**သုံးသပ်ချက်နှင့်အလားအလာ**

TMH Telecom public Company limited ၏ ဒါရိုက်တာအဖွဲ့မှ တင်ပြလိုသည်မှာ ကုမ္ပဏီသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် ဒေသတွင်းအခြေအနေများကြောင့်ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အင်တာနက် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဖုန်းငွေဖြည့်ကတ် ဖြန့်ဖြူးရောင်းချမှုတို့ကို ရပ်ဆိုင်းခဲ့ရခြင်းများကြောင့် ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်ပေါ်ခဲ့ရပါသည်။

ထို့အပြင် (၂၈.၃.၂၀၂၅) ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော ငလျင်ဘေးအန္တရာယ်ကြောင့် နေပြည်တော် ဂိုဒေါင်ရှိ ပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်းနှင့် အဆောက်အဦး ပြုပြင်ခြင်း စရိတ်များ ဖြစ်ပေါ်ခဲ့ရပါသည်။

ထိုသို့အခက်အခဲများနှင့် ရင်ဆိုင်ရသော်လည်း ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့သည် မလိုလားအပ်သော အသုံးစရိတ်များကို စနစ်တကျ စီမံခန့်ခွဲခဲ့ပါသည်။ ထိုသို့ ငွေကြေး စီစစ်ခန့်ခွဲမှုတို့ကြောင့် (၂၀၂၅-၂၀၂၆)၏ ပထမနှစ်ဝက်တွင် လုပ်ငန်း၏အသားတင်အရှုံးသည် ၁၈% အထိ ကျဆင်းလာခဲ့သည့်အပြင် အကြွမ်းအမြတ်သည် ၁၇၀% အထိ တိုးတက်လာခဲ့ပါသည်။

ထို့အပြင် စျေးကွက်ရှာဖွေရေးအဖွဲ့သစ်များ ဖွဲ့စည်းခဲ့သဖြင့် အလားအလာရှိသော စီမံကိန်းလုပ်ငန်းသစ်များကို ဖော်ဆောင်နိုင်ခဲ့ပြီး အရောင်းတန်ဖိုးသည် ၃ % သာ ကျဆင်းခဲ့ရပါသည်။

ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် ရေရှည်အတွက် အလားအလာကောင်းသော စီမံကိန်းသစ်များကို ရှာဖွေဖော်ဆောင်ခြင်း၊ ပိုမိုခိုင်မာသော လုပ်ငန်းဖြစ်လာစေရန် အတွက် ကုမ္ပဏီ၏ ရည်မှန်းချက် နှင့် မျှော်မှန်းချက်အတိုင်း ဆောင်ရွက်ခြင်း ၊ စျေးကွက်အခြေအနေများ ကို မျက်ခြေမပြတ်စောင့်ကြည့် အကောင်အထည်ဖော်လျက်ရှိခြင်း အစရှိသည် လုပ်ဆောင်ချက်များကို ဆောင်ရွက်လျက်ရှိကြောင်း ကုမ္ပဏီ၏ အကျိုးသက်ဆိုင်သူများ အားလုံးနှင့် အစုရှယ်ယာရှင်အားလုံးကို အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

သီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၂၅ခုနှစ် ၊ ဒီဇင်ဘာလ (၃၁) ရက်။